စိတ်ကူးချိုချိုအနုပညာ

# ဟုတ်ကဲ့ (သို့မဟုတ်) ဟင့်အင်း ဆုံးဖြတ်ချက်ချမှတ်ရေး လမ်းညွှန်

ခင်မောင်ညို (ဘောဂဗေဒ)

**YES or NO**

the guide to better Decisions

Spencer Johnson





photo&design PIXABAY

ဒုတိယအကြိမ်

mgyoe.com

mgyoe.com




**ဟုတ်ကဲ့ (သို့မဟုတ်) ဟင့်အင်း**

**ဆုံးဖြတ်ချက်ချမှတ်ရေးလမ်းညွှန်**

ခင်မောင်ညို (ဘောဂဗေဒ)

KMN0023

1,500.00 KS

mgyoe.com

mgyoe.com

ဟုတ်ကဲ့(သို့မဟုတ်)ဟင့်အင်း-ဆုံးဖြတ်ချက်ချမှတ်ရေးလမ်းညွှန်၊ ခင်မောင်ညို(ဘောဂဗေဒ)
စာမျက်နှာ ၁၁၈ မျက်နှာ၊ ၁၃ စင်တီ × ၂၁.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းဟာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ ပစိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၉ စိတ်ကူးချိုချို၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com : P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဟုတ်ကဲ့(သို့မဟုတ်)ဟင့်အင်း
# ဆုံးဖြတ်ချက်ချမှတ်ရေးလမ်းညွှန်
# YES or NO
## The Guide to Better Decisions


**Spencer Johnson**

ခင်မောင်ညို(ဘောဂဗေဒ)

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com




# ပိုကောင်းတဲ့ အဆုံးအဖြတ်မှ
# မြင့်မားတဲ့ဘဝဆီ

mgyoe.com

mgyoe.com

# “ဟုတ်ကဲ့” သို့မဟုတ် “ဟင့်အင်း”



mgyoe.com

mgyoe.com



# ရှုပ်ရှုပ်ထွေးထွေးမှ ရှင်းရှင်းလင်းလင်းသို့

*သောကြာနေ့ နံနက်*

တစ်ခါက ပို၍အောင်မြင်ရန်၊ ဘဝတွင် သောကပိုနည်းစေရန်အတွက် ဆုံးဖြတ်ချက်ကောင်းများ မည်သို့ချမှတ်ရမည်ကို ရှာဖွေနေသည့် လူတော်တစ်ယောက် ရှိခဲ့ဖူးသည်။

သူသည် ဆုံးဖြတ်ချက်များများကို ခပ်မြန်မြန်၊ ခပ်သုတ်သုတ် ချမှတ်ခဲ့ခြင်းမရှိသော်လည်း ချမိသည့်အခါ အလုပ်ခွင်၌လည်း ပြဿနာဖြစ်၊ ကိုယ်ရေးကိုယ်တာ ဘဝ၌လည်း တစ်ခါတရံ ပြဿနာများ ဖြစ်စေခဲ့သည်။

သူက သူ၏ညံ့ဖျင်းသော ဆုံးဖြတ်ချက်များကြောင့် ထိခိုက်မှုများသည်ဟု ယူဆသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်ကောင်းကောင်း ချနိုင်သည့်နည်းလမ်း ရှိရမည်ဟု တွက်ဆမိသည်။

ထို့ကြောင့် အနီးနားရှိ တောင်တစ်လုံးသို့ နံနက်စောစောတွင် သွားရောက်ကာ အခြားစီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်ထိပ်တွင် တွေ့ဆုံရန် ထွက်ခွာခဲ့သည်။ ထိုတောင်ထိပ်၌ ထူးချွန်သော စီးပွားရေးလုပ်ငန်းရှင်နှင့် လမ်းပြ၏ ဦးဆောင်မှုကို အတွေ့အကြုံယူမည်။ လမ်းပြသည် တောင်တက်ရာ၌ လည်းကောင်း၊ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍လည်းကောင်း လမ်းညွှန်မှုပေးသူ ဖြစ်သည်။

mgyoe.com

mgyoe.com


လူတော်တော်များများသည် ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ပတ်သက်၍ အားကိုးလောက်သော စနစ်တစ်ခုကို ရှာဖွေသွားနိုင်ကြပြီး၊ ရုံးပိတ်ရက်မှ အပြန်တွင် ပိုကောင်းသော ဆုံးဖြတ်ချက်များကို ချနိုင်ကြကြောင်း ကြားသိရသည်။

ထိုမျှသော အချိန်တိုအတွင်း မည်သို့ ဆုံးဖြတ်ချက်ချနည်းကို ကောင်းကောင်းကြီး တတ်သွားကြသနည်း?

မကြာမီ လူငယ်က တောင်ခြေလမ်းတစ်လျှောက် လျှောက် သွားသည်။ သူ၏ ဂျာကင်အပေါ်စားကို ချွတ်လိုက်ကာ ခါး၌ ချည်လိုက်သည်။ ယခုသူ ချွေးထွက်နေသည်။ ထိုသို့ ချွေးထွက်နေ ခြင်းမှာ နံနက်ခင်းနေရောင်ကြောင့်မဟုတ်၊ စိုးရိမ်ကြောက်လန့်နေ၍ ထွက်ခြင်းဖြစ်သည်။ သူ နောက်ကျနေပြီး လမ်းမှားနေသည် ဆိုသည်ကို သူသိသည်။

အိမ်မှသူထွက်သည့်အခါ အိမ်မှအပန်းဖြေစခန်းသို့ သွားရ မည့် လမ်းပြမြေပုံကို မေ့ထားခဲ့ကြောင်း သူသတိရလိုက်သည်။ ပြန်ပြီးလည်းယူချင်သည်။ သို့သော် ထိုသို့ ပြန်ယူလိုက်လျှင် ပိုပြီး နောက်ကျသွားမည်စိုးသဖြင့် မပြန်တော့။ ယခုတော်တော် နောက်ကျနေပြီဖြစ်ရာ မူလဦးတည်ရာလမ်းကြောင်းအတိုင်း ခပ်မြန်မြန် ခပ်သုတ်သုတ်တက်လိုက်သည်။

လူငယ်က ဆုံးဖြတ်ချက်ကောင်းရန် လိုအပ်နေသူများမှာ သူ တစ်ယောက်တည်းမဟုတ်ဟု၊ သူ့ကိုယ်သူ ဖြေသိမ့်လိုက်သည်။ သူသည် ရှုက်ကြမ်းရေကျို ဆုံးဖြတ်ချက်များကို ချမှတ်နေသော စီးပွားရေးလုပ်ငန်းရှင် အုပ်စုများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

ဆုံးဖြတ်ချက်ချမှတ်ရာ ကော်ပိုရေးရှင်းများ၊ စီးပွားရေး လုပ်ငန်းငယ်များ၊ ကျောင်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ထို့ပြင် မကြာခဏဆိုသလိုပင် လူတစ်ဦးချင်း၏ ကိုယ်ရေးကိုယ်တာဘဝ များ၌ ဆုံးဖြတ်ချက်ညံ့များ၏ ရလဒ်ကို တွေ့နေရသည်။

၎င်းတို့၏ ရွေးချယ်မှုများနှင့် ရလဒ်များ မည်သို့မျှ အဆက် အစပ်မရှိဟု ထင်ရသည်။

လူငယ်က လူတော်တော်တော်များများသည် ခပ်ညံ့ညံ့ ဆုံးဖြတ်ချက် များကို အဘယ့်ကြောင့် ချမှတ်နေကြသလဲ? ဟု စဉ်းစားမိသည်။

သူ့ကိုယ်သူလည်း ပြန်လည်ဝေဖန်မိသည်။ အုပ်စုတစ်ခု၊ အသင်းတစ်ခု၏ ပြတ်သားသော ခေါင်းဆောင်တစ်ယောက်ဖြစ်ရန်၊ ပြတ်သားသော အဖွဲ့ဝင် တစ်ဦးဖြစ်ရန် မည်သို့လုပ်ရမည်ကိုမသိ၊ တစ်ခါတရံ သူ မပြတ်မသား ဖြစ်တတ် သည်ကို သိသည်။ သူက အမှားအယွင်းမလုပ်ချင်၊ အခြားသူများကဲ့သို့ပင်

mgyoe.com

mgyoe.com


သူသည် မည်ကဲ့ သို့ ဆုံးဖြတ်ချက်ချရမည်ကို လေ့လာဆည်းပူးခဲ့ခြင်း မရှိကြောင်း သဘောပေါက်လိုက်သည်။

ထိုအချိန်ကာလ၌ သစ်ကိုင်းခြောက်တစ်ခုကို တက်နင်းမိပြီး၊ သစ်ကိုင်းခြောက်ကျိုးသွားသည့် အသံကြောင့် သူ၏ပတ်ဝန်းကျင်ကို သတိရစေရန် လှုံ့ဆော်ပေးလိုက်ရာ ရောက်သည်။ သူက ရပ်ပြီး အနီးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

ထိုအခါ အခြားလူတစ်ယောက်ကို တွေ့လိုက်သည်။

ခေတ္တမျှ လူနှစ်ယောက်သည် တစ်ဦးကိုတစ်ဦး သေသေချာချာ သတိထားကြည့်မိလိုက်ကြပြီး လူငယ်က လူကြီး၏ နေလောင်ထားသည့် မျက်နှာ၌ ရှင်းလင်းပြတ်သားမှု ပေါ်လွင်နေသည်ကို တွေ့ရသည်။

ဒီ အရပ်ရှည်ရှည်၊ ဆံပင်ဖြူ ကျန်းမာ ကြံ့ခိုင်ပုံရသည့် ပုဂ္ဂိုလ်သည် သူ၏လမ်းညွှန်ဟုတ်ပါ့မလားဟု သံသယပွားနေသည်။ သို့သော် အကြောင်း တစ်စုံတစ်ရာကြောင့် ထိုပုဂ္ဂိုလ်၏ရှေ့တွင် နေရသည်မှာ လုံခြုံစိတ်ချသယောင် ဖြစ်သည်။ သူက "ကျွန်တော် တောင်ကုန်းကို တက်မလို့ လမ်းရှာနေတယ်" ဟု ပြောလိုက်သည်။

အဘိုးအိုက ပြန်ပြောပြသည်။ "ငါကမင်းရဲ့ လမ်းပြပဲ၊ မင်းအခု လမ်းမှားနေပြီ"ဟု ပြောလိုက်သည်။ ထို့နောက် သူလှည့်ထွက်သွားသည့်အခါ လူငယ်က နောက်ကလိုက်သွားသည်။

လမ်းပြက လှည့်ကြည့်လိုက်ပြီး၊ "မင်းကနေ့ နောက်ကျရတဲ့ ဆုံးဖြတ်ချက်တွေကို သေသေချာချာ ပြန်ကြည့်ဖို့ကောင်းတယ်" ဟု ပြောလိုက်သည်။ ရှက်သွားသော လူငယ်က ဘာမျှပြန်မပြော သူ၏ ဆုံးဖြတ်ချက်များကိုသာ ပြန်၍စဉ်းစားကြည့်နေသည်။

ခဏအကြာ၌ လမ်းပြက "ဘာဖြစ်လို့ တောင်ကုန်းထိပ်ကို တက်လာရတာလဲ" ဟု မေးသည်။

လူငယ်က "အကောင်းဆုံး ဆုံးဖြတ်ချက်တွေကို ဘယ်လိုချမှတ်သလဲဆိုတာသိချင်လို့ပ"ဟုဖြေသည်။ ထိုသို့ ဖြေနေစဉ် အကောင်းဆုံး ဆုံးဖြတ်ချက်ဆိုသည်မှာ ဘာလဲဟု တွေးမိနေသည်။ တစ်ခါ တရံ မပြတ်မသားဖြစ်ရခြင်းမှာ မည်သည့် ဆုံးဖြတ်ချက်သည် ကောင်းသော ဆုံးဖြတ်ချက်ဖြစ်သည်ကို မသိခြင်းကြောင့် ဖြစ်သည်။

သူလမ်းဆက်လျှောက်နေသည့်အခါ လမ်းပြက "မင်းဟာ အမြဲတမ်း အကောင်းဆုံး ဆုံးဖြတ်ချက်တွေကို ချဖို့မလိုပါဘူး၊ ပိုကောင်းတဲ့ ဆုံးဖြတ်ချက်တွေ

mgyoe.com

mgyoe.com


ချဖို့ပဲလိုပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ပိုကောင်းတဲ့ ဆုံးဖြတ်ချက်တွေချနိုင်လို့ရှိရင် ငါတို့ အားလုံးလိုပဲ နောက်ဆုံးမှာမင်းဟာ ကောင်းကောင်းမွန်မွန် ဖြစ်သွားမှာပဲ" ဟု ပြောလိုက်သည်။

လူငယ်က စိတ်သက်သာရာရသွားသည်။

"ပိုကောင်းတဲ့ ဆုံးဖြတ်ချက်ဆိုတာ ဘာလဲလို့ မေးပါရစေ" ဟု ပြောလိုက်သည်။

လမ်းပြက "ပိုကောင်းတဲ့ဆုံးဖြတ်ချက်ဆိုတာ ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်ဘာသာကိုယ် တန်ဖိုးရှိတဲ့ မေးခွန်းတချို့ကို မမေးဘဲ ဆုံးဖြတ် လိုက်တာထက် ပိုကောင်းတဲ့ဆုံးဖြတ်ချက်ပေါ့"

"တခြားလူတွေလိုပဲ မင်းဟာလည်း တစ်ခါတလေမှာ မပြတ်မသား ဖြစ်နေတတ်တယ်၊ မဝံ့မရဲဖြစ်နေတတ်တယ်၊ ဆုံးဖြတ်ချက် ချရမှာကို မသက်မသာ ဖြစ်နေတတ်တယ်၊ ဒီတောင်ကုန်းထိပ်မှာ တွေ့မယ့် လူတော်တော်များများက အဲသလိုခံစားနေတာကို စိတ်ချ ရတဲ့စနစ်ကိုသုံးပြီးတော့ ကျော်လွှားကြတယ်"

"စိတ်ချရတဲ့ စနစ်ဆိုတာ လုပ်ငန်းနှစ်ခုရှိတယ်။ တစ်ခုကတော့ ကိုယ့်ခေါင်းကိုသုံးဖို့၊ နောက်တစ်ခုကတော့ ကိုယ့်ရဲ့နှလုံးသားနဲ့ တိုင်ပင်ဖို့၊ ကိုယ့်ခေါင်းကိုသုံး ကိုယ့်ရဲ့နှလုံးသားကို တိုင်ပင်ပြီးတော့ ပိုကောင်းတဲ့ ဆုံးဖြတ်ချက်တွေ ဖြစ်လာဖို့ပဲဖြစ်တယ်။ ဒီစနစ်မှာဆိုရင် ကိုယ့်ကိုယ်ကိုယ်မေးတဲ့ တန်ဖိုးရှိတဲ့ မေးခွန်းနှစ်ခု ရှိတယ်။ အဲဒီ မေးခွန်းနှစ်ခုကို တို့က *ဟုတ်တယ်၊ ဟင့်အင်း* ဒါပဲပြေတယ်"

လူငယ်က ချက်ချင်းပင်မေးလိုက်သည်။

"အဲဒီ တန်ဖိုးရှိတဲ့ မေးခွန်းနှစ်ခုဆိုတာ ဘာလဲဗျ"

"ငါတို့မေးခွန်းကို မသွားခင်၊ ငါတို့ခရီးစကြရင် မကောင်းဘူးလား" ဟု လမ်းပြက မေးလိုက်သည်။

လူငယ်က သဘောတူလိုက်သည့်အခါ၊ လမ်းပြက "မင်းဟာ ပိုကောင်းတဲ့ ဆုံးဖြတ်ချက်တွေ ချချင်ရင် ပထမဆုံး ဘာလုပ်ရမလဲ ဆိုတာ သိသလား" ဟု မေးလိုက်သည်။

လူငယ်က "ကျွန်တော်မသေချာပါဘူးဗျာ" ဟု ဖြေလိုက်သည်။

"ဘာလုပ်ရမယ်လို့ မသိဘူးဆိုရင်..."

လမ်းပြက "ဘာမလုပ်ရဘူး ဆိုတာကို မင်းသိရဲ့လား" ဟု လမ်းပြက မေးလိုက်သည်။

အများအားဖြင့် လူငယ်သည် လုပ်ငန်းများစွာကို လုပ်ရင်း အလုပ်

mgyoe.com

mgyoe.com


ရှုပ်နေတတ်သူဖြစ်ရာ ဘာမလုပ်ရမည်ကို တွေးလေ့တွေးထမရှိပေ။

လမ်းပြက ရုတ်တရက် ရပ်လိုက်သည်။ ထိုအခါ နောက်က လူငယ်ကလည်း ကပ်၍ ရပ်လိုက်သည်။

လမ်းပြက "မင်းအခုလုပ်နေတဲ့အလုပ်ကို ရပ်ပစ်ရမှာပေါ့"

ထို့နောက် လမ်းပြက သူ၏ အိတ်ထောင်ထဲမှ စက္ကူ တစ်ခေါက်ကို ထုတ်လိုက်ပြီး တစ်ချို့ကို ပြလိုက်သည်။

လူငယ်က ဖတ်ကြည့်ပြီး တွေးလိုက်သည်။ ထို့နောက် သူ၏ ကျောပိုးအိတ်မှဒိုင်ယာရီ စာအုပ်ငယ် အနီလေးကိုထုတ်ပြီး၊ ချ၍ မှတ်စုရေးလိုက်သည်။

*"ပိုကောင်းတဲ့ ဆုံးဖြတ်ချက်ချဖို့ ပထမဆုံး ခပ်ညံ့ညံ့ ဆုံးဖြတ်ချက်ကို ဆက်မလုပ်ပဲ ရပ်ရမယ်"*

လမ်းပြက ပြောသည် – "မင်းဟာ ခပ်ညံ့ညံ့ဆုံးဖြတ်ချက်ကို မချဘဲထားရင် ကွက်လပ်တစ်ခုဖြစ်သွားမယ်၊ အဲဒီကွက်လပ်နေရာမှာ ပိုကောင်းတာနဲ့ ဖြည့်နိုင်မယ်"

လူငယ်ကပြောသည် – "ဒါပေမယ့် ကျွန်တော်ကတော့ ကျွန်တော့်မှာ ရှိနေတာကို စွန့်လွှတ်လိုက်ရင်၊ ပိုကောင်းတဲ့ဟာကို မရမှာ စိုးရိမ်တယ်"

လမ်းပြက – "ငါတို့အကုန်လုံး အဲဒါကို ကြောက်ကြတာပေါ့၊ ကိုယ်နဲ့ ရင်းနှီးနေတာ၊ သက်တောင့်သက်သာ ရှိနေတာကို လွှင့်ပစ်ဖို့က သတ္တိရှိဖို့လိုတယ်၊ ဒါပေမယ့် တကယ့်တကယ် လက်တွေ့မှာကျတော့ ပိုကောင်းတဲ့ ရလဒ်တွေရဖို့ဆိုရင် ပိုပြီးတော့ အားကိုးရတဲ့ နည်းလမ်းဖြစ်တယ်"

"ကိုယ့်အတွက် အလုပ်မဖြစ်တဲ့ဟာကို ကိုယ်ဖယ်ပစ်လိုက်ပြီ ဆိုရင် ပိုကောင်းတာကို လွတ်လွတ်လပ်လပ် ရှာနိုင်တယ်။ ပြီးတော့ မြန်မြန်ဆန်ဆန်လည်း လုပ်နိုင်တယ်"

"တရုတ် ရှေးဟောင်းစကားပုံ တစ်ခုရှိတယ်–ရေနွေးကြမ်း တစ်ခွက်ကို လိုချင်ရင်၊ ခွက်ကို အရင်သွန်ပစ်ရမယ်၊ အေးစက်နေတဲ့ ရေနွေးတွေရှိနေတဲ့ ခွက်ထဲကို ရေနွေးလောင်းထည့်ရင် ရေနွေး တွေက ခွက်ထဲကို မဝင်ဘဲ၊ ပန်းကန်ပြားပေါ်ကို ဖိတ်သွားတတ်တယ်"

လူငယ်က "သဘောပေါက်ပါပြီဗျာ" ဟု ဖြည်းဖြည်းပြောလိုက်သည်။ ထို့နောက်သူက အဲဒီအကြောင်း ပြောတော့ ကျွန်တော့် မိတ်ဆွေတစ်ယောက်ကို သတိရတယ်။ သူက သူတို့ဆီကို ပစ္စည်းသွင်းနေတဲ့ အရည်အချင်းမဲ့တဲ့ ပစ္စည်းသွင်းနေတဲ့သူတစ်ယောက်ကို ထုတ်ပစ်ဖို့ ဝန်လေးနေတယ်။ အဲဒီ ပစ္စည်းသွင်းနေတဲ့သူက သူ့ကို အကြိမ်ပေါင်းများစွာသတိပေးပြီးတော့၊ အခွင့်အရေးပေး

mgyoe.com

mgyoe.com

ပါလျှက်နဲ့ လုပ်တာကိုင်တာ တော်တော်ညံ့တယ်၊ ခပ်ညံ့ညံ့ ပစ္စည်းတွေကို သွင်းနေတယ်။ ခက်တာက ကျွန်တော့်မိတ်ဆွေက သူ့ထက် ပိုကောင်းအောင် လုပ်တတ်တဲ့သူ ဘယ်သူရှိလဲဆိုတာကိုမသိတော့ အဲဒီလို လုပ်နေတာ အဆင်မပြေမှန်း သိရဲ့နဲ့ ရပ်မပစ်ဘူး။ ဒီလူ့ကိုပဲ ဆက်ပြီးသုံးတယ်"

လမ်းပြက ပြန်မေးလိုက်သည်။ "အဲဒီတော့ ဘာဖြစ်သွားလဲ?"

လူငယ်က "ပစ္စည်းသွင်းတဲ့လူက ဆက်ပြီးတော့ အမှားတွေလုပ်နေတယ်၊ အဲဒီတော့ ကျွန်တော့်မိတ်ဆွေရဲ့ ကုမ္ပဏီက အချိန်လည်း ကုန်တယ်၊ ငွေလည်းကုန်ရတယ်၊ နောက်ဆုံးကျတော့ သူ့ အလုပ်ကိုမလုပ်လို့ဆိုပြီးတော့ အထုတ်ခံရတာ ကျွန်တော့်ရဲ့ မိတ်ဆွေ ဖြစ်နေတယ်။ ဒီအကြောင်းပြောရတာ စိတ်တောင်မကောင်းပါဘူး"

လူငယ်က ခဏမျှ စဉ်းစားလိုက်သည်။ ထို့နောက် မေးလိုက်သည်။

"အလုပ်မဖြစ်နေတဲ့ဟာကို ကျွန်တော် တို့ ဘာဖြစ်လို့ ဆက်လုပ်နေကြတာလဲ?" လမ်းပြက ဖြေလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ အဲဒါက အန္တရာယ်ရှိပေမယ့်၊ ငါတို့က ရင်းနှီးနေပြီးသား ဆိုတော့၊ ရင်းနှီးနေပြီးသားကို မပြောင်းလဲဘဲ နေရတာက ပိုပြီးတော့ စိတ်ချရတယ်လို့ ထင်ကြတယ်၊ နောက်ဆုံးကြတော့ အဆင်လည်း မပြေ၊ ရင်းနှီးနေတဲ့ နည်းလမ်းတွေကိုပဲ လက်ခံကြတယ်။ ဒီလိုဖြစ်တာတွေကို အဖွဲ့ အစည်းတွေမှာ တွေ့ရတယ်'

"နမူနာတစ်ခုလောက် ပြစမ်းပါ"

"ဟုတ်တယ်။ နှစ်တော်တော်များများက အမေရိကန်စစ်တပ်က အမြောက်ပစ်တာကို မြန်မြန်ဖြစ်ချင်တယ်။ ဒါကြောင့် အဲဒီ ပြဿနာကို ဖြေရှင်းဖို့ အတိုင်ပင်ခံတစ်ယောက် ငှားတယ်။ သူက စစ်မြေပြင်ကိုသွားကြည့်ပြီးတော့ စစ်သားတွေဟာ အမြောက်မပစ် ခင် နောက်ပြန်ဆုတ်တာကို သတိထားမိတယ်။ အမြောက်မပစ်ခင် သုံးစက္ကန့်လောက်စောင့်နေတာကို သတိထားမိတယ်"

"သူက ဘာဖြစ်လို့ အဲသလိုစောင့်တာလဲ?လို့ မေးတဲ့အခါမှာ "သူတို့ဟာ စစ်တပ် လက်စွဲစာအုပ်ရဲ့ ချထားတဲ့ ညွှန်ကြားချက်ကို လိုက်နာတာလို့ ပြောတယ်။ ဒါနဲ့ အကြံပေးက လက်စွဲစာစောင် အဟောင်းတွေကို ပြန်ရှာကြည့်တဲ့ အခါမှာ သူက စစ်အတွင်းတုန်းက ညွှန်ကြားချက်ကိုသွားတွေ့တယ်။ အမြောက်မပစ်ခင် နောက်ဆုတ်ရမယ်ဆိုတာက အမြောက်တင်ထားတဲ့ မြင်းတွေရဲ့ ခေါင်းကို ကိုင်နိုင်ဖို့ ဖြစ်တယ်။ အဲလိုကိုင်မထားလို့ရှိရင် မြင်းတွေ လှုပ်လှုပ် ရှားရှား လုပ်လိုက်ရင် အမြောက်ပစ်တာဟာ ပစ်မှတ်လွဲသွားနိုင်တယ်။'

mgyoe.com

mgyoe.com


လူငယ်က မြင်းမရှိတော့သော်လည်း လူအများက မြင်းဇက်ထိန်းရန်အတွက် နောက်ပြန်ဆုတ်ခဲ့သည့် အကြောင်းကို တွေးမိသည့်အခါ ပြုံးမိသည်။ လမ်းပြက လူငယ်ကို လမ်းကြောင်းတစ်ခု သို့ခေါ်သွားသည်။ သူက သူ၏ လမ်းပြ အိမ်မြှောင်ကို ငုံ့ကြည့်လိုက်သည်။

ထို့နောက် ဆက်ပြီး "စစ်သားတွေက ဒီအချက်ကို သဘော ပေါက်တဲ့အခါမှာ သူတို့ကပြောင်းလိုက်တယ်၊ ဒါပေမယ့် ငါတို့ တော်တော်များများက ကိုယ်ဘာလုပ်လို့ လုပ်နေတယ်ဆိုတာကို သဘောမပေါက်ဘဲ ဆက်ပြီးတော့ ဆွဲကိုင်ထားတတ် ကြတယ် မဟုတ်လား?"

လူငယ်က ဖြေလိုက်သည်။

"အိမ်တို့၊ ရုံးတို့မှာ ကျွန်တော်လုပ်ဖို့ လိုအပ်တဲ့ ဆုံးဖြတ်ချက်တွေ အကြောင်းကို ပြောပြဖို့ လိုမလား"

လမ်းပြက "မလိုပါဘူး၊ ငါ ရိုင်းတာ မဟုတ်ဘူး၊ ဒါပေမယ့် မင်းရဲ့ ဆုံးဖြတ်ချက်က ငါ့ဆုံးဖြတ်ချက်မဟုတ်ဘူး၊ မင်း ဆုံးဖြတ်ချက်ပဲ၊ မင်းလုပ်ဖို့လိုတဲ့ ဆုံးဖြတ် ချက်ဟာ စီးပွားရေး လုပ်ငန်းနဲ့ ပတ်သက် တာဖြစ်ချင် ဖြစ်မယ်၊ ကိုယ်ရေးကိုယ်တာ ကိစ္စ ဖြစ်ချင်ဖြစ်မယ်၊ ဒီရုံးပိတ်ရက်မှာ မင်းသဘောပေါက်သွားတာကို၊ မင်းရဲ့ ဆုံးဖြတ်ချက်တွေမှာ သုံးကြည့်၊ အဲဒီလို သုံးကြည့်ရင် အဆင်ပြေလား? မပြေလား? မင်း သိလာလိမ့်မယ်"

"တကယ်လို့ အဆင်ပြေရင် မင်းဟာ ပိုကောင်းတဲ့ ဆုံးဖြတ် ချက်တွေကို ချမှတ်တတ်လာမယ်၊ မင်းအနောက်ကို မောင်းချင် တယ်ဆိုရင်– မင်းဟာ အရှေ့ကိုသွားနေကြောင်း သဘောပေါက် သွားတဲ့အခါမှာ မင်းဘာလုပ်မလဲ?"

"ကျွန်တော်လမ်းမှားနေပြီဆိုရင်တော့၊ကျွန်တော်လှည့်ပြီး လမ်းကြောင်း ပြောင်းမှာပေါ့"

လမ်းပြက ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ပိုပြီးတော့ကောင်းတဲ့ ဆုံးဖြတ်ချက်တွေ လုပ်ဖို့ ဆိုတာ ကပိုကောင်းတဲ့ဘက်ကို သွားဖို့လိုတယ်၊ ပိုကောင်းတဲ့ဘက် ဆိုတာ သိရအောင်က သူများကိုအားကိုးမလား? မင်းအားကိုးနိုင်တဲ့ မြေပုံတစ်ခုရှိဖို့ လိုမလား?"

လူငယ်က – "ကျွန်တော်ကတော့ ကျွန်တော့်ဘာသာ ကျွန်တော် မြေပုံ တစ်ခုလိုချင်တယ်၊ ဝင်စတန် ချာချီရဲ့ ဝေဖန်ချက်တစ်ခုကို ကျွန်တော် ဖတ်ဖူးတာ မှတ်မိနေတယ်။ ကျွန်တော်ဟာ အမြဲတမ်း လေ့လာဆည်းပူးဖို့တော့ အဆင်သင့် ဖြစ်နေပေမယ့် အမြဲတမ်း သူများသင်ပေးတာတော့ မခံချင်ဘူးတဲ့"

လမ်းပြကပြုံးသည် – "ငါလည်း ဒီလိုပဲကွ၊ ကိုယ့်ဘာသာ ကိုယ်

mgyoe.com

mgyoe.com


ပိုကောင်းတဲ့လမ်းတစ်ခုရှာဖို့ဆိုတာ စိန်ခေါ်မှုတစ်ခုပဲ၊ ဒါပေမယ့် ငါတို့ဟာ *ဟုတ်တယ်၊ ဟင့်အင်း* ဆိုတဲ့စနစ်ကို သုံးပြီး တော့ လုပ်နိုင်ပါတယ်"

"ဘယ်လိုလုပ်ပြီးတော့ ကျွန်တော့်အတွက် အဆင်ပြေမှာလဲ ဆိုတာ သိရမှာလဲ?" ဟု ယူငယ်ကမေးသည်။

"မင်းသုံးကြည့်လေ၊ ပြီးတော့ မင်း ကိုယ်တိုင်ကြည့်လိုက်ပေါ့"

"တောင်ကုန်းပေါ်မှာ တခြားလူတွေနဲ့လည်း စကားပြော၊ သူတို့ဟာ နိုင်ငံပေါင်းစုံကလာကြတာဖြစ်တယ်၊ ဒါပေမယ့် သူတို့မှာ တူညီနေတဲ့အချက် တစ်ခုရှိတယ်၊ သူတို့ဟာ စောစောက ပြောတဲ့စနစ်ကို အောင်အောင်မြင်မြင်သုံးနိုင်တဲ့ သူတွေဖြစ်တယ်"

"လောလောဆယ်ဆယ်မှာတော့ မင်းဟာ ကိုယ့်ဘာသာကိုယ် လက်ကျန်စာရင်းကောက်ကြည့်"

လမ်းပြအဘိုးအိုက သူ့ကို စာအိတ်တစ်အိတ်ပေးပြီး ခြေလှမ်း သွက်သွက်လှမ်းလိုက်သည်။ "ငါတို့ နောက်ကျနေပြီကွ၊ ငါတို့မှာ ရုံးပိတ်ရက် နှစ်ရက်ပဲရှိတယ်၊ အဲဒီတော့ ငါတို့ခပ်မြန်မြန်သွားမှ ဖြစ်မယ်" ဆိုပြီး လူငယ်ကို နောက်မှလိုက်ခိုင်းလိုက်သည်။

ခဏအကြာတွင် သူတို့က တောင်တက်လမ်း၌ အနားယူကြ သည့်အခါ လူငယ်က လမ်းပြအဘိုးအိုပေးသွားသည့် စာအုပ်ကို ဖြန့်၍ဖတ်ကြည့်သည်။

*ပိုကောင်းသည့်ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခြင်း၊ ငါးမိနစ် လက်ကျန်စာရင်းကောက်ယူခြင်း၊ လုပ်ငန်းဆိုင်ရာ သို့မဟုတ် ကိုယ်ရေး ကိုယ်တာဆုံးဖြတ်ချက်၊*

*မိမိဘဝတွင် ပြုပြင်ပြောင်းလဲလိုသည့် သို့မဟုတ် အလုပ်ခွင်တွင် ပြောင်းလဲလိုသည့် အခြေအနေတစ်ရပ်သို့ မဟုတ် ပြဿနာမှာ* မိမိ၏ ပထမအပိုင်းဆုံးဖြတ်ချက်မှာ ထိုကိစ္စနှင့် ပတ်သက်၍ ဘာလုပ်မည်နည်း?

- ယခုဘာမှမလုပ်ဘဲနေမည်၊
- တစ်ခုခုလုပ်မည်၊ ဒါပေမယ့်
  ဘယ်တော့လုပ်ရမှန်းမသိ၊
- အောက်ကတစ်ခုကိုလုပ်ချင်လုပ်မည်။

ပိုကောင်းသောဆုံးဖြတ်ချက်မှာ...

mgyoe.com

mgyoe.com



# အားကိုးရလောက်သည့် စနစ်

*သောကြာနေ့ နေ့လည်စာ*

လမ်းပြနှင့်လူငယ်တို့ စခန်းကိုရောက်သည့်အခါ အခြား တောင်တက်သူများနှင့်တွေ့ပြီး၊ ဩစတြေးလျ၊ ဘရာဇီး၊ ဂျာမနီ၊ ဂျပန်၊ အမေရိကန်တို့မှ အမျိုးသား (၅)ဦး၊ အမျိုးသမီး (၂)ဦးတို့နှင့်၊ လက်ဆွဲနှုတ်ဆက်ကြသည်။

တောင်တက်သူတစ်ယောက်က ***ဟုတ်ကဲ့၊ ဟင့်အင်း ဆုံးဖြတ်ချက်များ၊ ဆုံးဖြတ်ချက်များ...*** ဟု စာတမ်းထိုးထားသည့် ဦးထုပ်များကိုလိုက်ဝေသည်။

အသားသွတ်မုန့်များ၊ ပန်းသီးများကို နေ့လည်စာအဖြစ် စားသုံးပြီး၊ အနီးအနားရှိ စမ်းချောင်းမှရေကို သောက်သုံးကြကာ၊ ထို အုပ်စုသည် 'တောင်ကုန်း' အကြောင်း ဆွေးနွေးကြသည်။ "အဲဒီတော့ ငါတို့ဟာ တောင်ရဲ့ မြောက်ဘက်ခြမ်းကနေတက်မလား? တကယ်လို့ မြောက်ဘက်ဆင်ခြေလျှောမှာ ရေခဲနေပြီဆိုရင် ဘယ် တခြားလမ်းကြောင်းရှိသလဲ?"

အခြားတစ်ဦးက မေးလိုက်သည်။

"ငါတို့ဟာ စိန်ခေါ်ခံရတဲ့ လမ်းကြောင်းကိုရွေးချင်တာလား? သေသေချာချာ စဉ်းစားဆင်ခြင် ပြီးတော့တက်မှာလား?"

mgyoe.com

mgyoe.com

များမကြာမီ ၎င်းတို့ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။ သူတို့ အနေဖြင့် ထိုနေ့ခင်းပိုင်းတွင် ပြေလျှော့သော အရှေ့ဘက် ဆင်ခြေ လျှောမှ တက်ကြမည်။ နေဝင်လျှင်နားမည်။ မှောင်လျှင် ဆက်တက်မည်။ ည၌ တောင်၏အလယ်တွင် စခန်းချရပ်နားကြမည်။

ထို့နောက် စနေနေ့တစ်နေ့လုံး တောင်၏အခက်ဆုံးအပိုင်းကို ဆက်တက်ကြမည်။ စနေနေ့ညတွင် မီးပုံပွဲလုပ်မည်။ တနင်္ဂနွေနေ့ အရုဏ်တက်တွင် တောင်ထိပ်၌ တွေ့ဆုံပွဲလုပ်ပြီး ပြန်ဆင်းလာမည်။

လူငယ်က "ဒီလိုပြတ်သားတဲ့ အုပ်စုဆိုတော့ မေးခွန်းတွေ ပြည့်ပြည့်စုံစုံမေးကြတယ်"

"သူတို့ဘာလို့ အဲဒီလိုလုပ်နေကြသလဲ" ဟု သူကမေးသည်။

"သူတို့က ဟုတ်တယ်၊ မဟုတ်ဘူး စနစ်ရဲ့ ပထမအခြမ်းကိုသုံးနေကြတာ" ဟု လမ်းပြက ပြောပြသည်။

လူငယ်က – 'ဒီလောက်နဲ့ မရသေးဘူးဗျ၊ ပြောပြပါဦး။'

"ပြောမှာပေါ့၊ *ဟုတ်တယ်၊ မဟုတ်ဘူး* ဆိုတဲ့ စနစ်ဟာ ဆုံးဖြတ်ချက်ကောင်းတစ်ခုကိုရဖို့အတွက် အပိုင်းနှစ်ပိုင်းပါဝင်တဲ့ စနစ်တစ်ခုဖြစ်တယ်။ အဲဒီလိုဖြစ်ဖို့ဆိုရင် မေးခွန်းတစ်ခုမေးပြီးတော့ ဆုံးဖြတ်ချက်တစ်ခုရဲ့ နှစ်ဖက်စလုံးကိုကြည့်တယ်။ အဲဒီမေးခွန်း နှစ်ခုမှာ တစ်ခုကတော့ လက်တွေ့ကျတဲ့ မေးခွန်း၊ နောက်တစ်ခု ကတော့ ကိုယ်ရေးကိုယ်တာဆန်တဲ့ မေးခွန်းဖြစ်တယ်။ ပြီးတော့ ငါတို့ရဲ့ဆုံးဖြတ်ချက်တွေကိုချတယ်"

"အခုမင်းကြားနေတဲ့ မေးခွန်းတွေဟာ၊ လက်တွေ့ဆန်တဲ့ မေးခွန်းအမျိုးမျိုးပေါ့" ဟု လမ်းပြက ထပ်ပြောလိုက်သည်။

"အဲဒီစနစ်က ဘယ်လိုလုပ်တာလဲ?"

"ပထမဆုံး ဆုံးဖြတ်ချက်ကတော့ ပုံမှန်လုပ်ရိုးလုပ်စဉ်လုပ်တာပါပဲ။ ပြီးတော့ အဲဒါကိုဦးတည်တဲ့ မေးခွန်းတစ်ခုစမေးလိုက်တယ်။ အဲဒီနောက် ငါတို့ဘာသာငါတို့ ဦးနှောက်နဲ့ဆိုင်တဲ့ မေးခွန်းရယ်၊ နှလုံးသားနဲ့ဆိုင်တဲ့မေးခွန်းရယ် မေးတယ်၊ ကိုယ့်ဘာသာ ကိုယ်လည်း ပြန်စဉ်းစားတယ်။ သူများတွေပြောတာကိုလည်း နားထောင်တယ်။ ပြီးတော့ ပိုကောင်းတဲ့ဆုံးဖြတ်ချက်ထွက်လာတယ်။ အဲဒီ ဆုံးဖြတ်ချက်အတိုင်းလုပ်တာပဲ"

လူငယ်က – "အဲဒါဆို၊ တကယ်အလုပ်ဖြစ်သလား?" ဟု မေးလိုက်သည်။

"ဟုတ်တယ်၊ ငါ့ရဲ့ ပထမဦးဆုံးအလုပ်ရှင်က အဲဒီအကြောင်းကို နှစ်ပေါင်း

mgyoe.com

mgyoe.com


များစွာကတည်းကပြောခဲ့တာ။ သူက ငါတို့အားလုံး ဆုံးဖြတ်ချက်ကောင်းကောင်း ချစေချင်တယ်။ တစ်ချိန်လုံး သူ့ကို မေးတာမျိုးမဖြစ်စေချင်ဘူး။ သူက ငါတို့နဲ့ ပြောတဲ့အခါတို့ တော်တော်များများက ဆုံးဖြတ်ချက်ချတဲ့အခါမှာ ဦးနှောက်ကိုသုံးကြတယ်၊ ဒါမှမဟုတ် နှလုံးသားရဲ့အသံကိုနားထောင်ကြတယ်လို့ သူက တွေ့သွားတယ်။ ဒါပေမယ့် ငါတို့ထဲက လူနည်းစုကပဲ နှစ်မျိုး စလုံးကိုသုံးကြတာ၊ ဒါ့ကြောင့်မို့ သူက *ဟုတ်တယ်၊ မဟုတ်ဘူး* ဆိုတဲ့စနစ်ကို မကြာခင်မှာ ဆုံးဖြတ်ချက် ကောင်းကောင်းတွေ ရလာအောင်သုံးတာ။ ငါတို့က သုံးလည်း သုံးတယ်၊ အလုပ်လည်း ဖြစ်တယ်"

လူငယ်က – "အဲဒီတော့ဘာဖြစ်လဲ?" ဟု မေးလိုက်သည်။

"ငါတို့ တော်တော်များများဟာ ပိုကောင်းတဲ့ဆုံးဖြတ်ချက်တွေကို ချနိုင်တယ်။ ကုမ္ပဏီလည်းပိုပြီးတော့ မြတ်လာတယ်။ ငါတို့တတွေလည်း ရာထူးတွေတိုးကြတယ်။ လုပ်ခလစာတွေလည်းပိုရကြတယ်။ ဒါပေမယ့် ငါ့အတွက် ပိုပြီးတော့အရေးကြီးတာက၊ ဘဝ တစ်လျှောက်လုံး ပိုပြီးအောင်မြင်မှုရှိတဲ့ဘဝကို ရအောင် ဘာလုပ်ရမလဲဆိုတာကို သဘောပေါက်သွားတာပဲ"

လူငယ်က ထိုအရာမှာ ဘာလဲဟု သိချင်နေပြန်သည်။

လမ်းပြကပြောသည်။ "ဒါက – ဒီလိုကွ" ဟု ဆိုကာ အိတ်ထဲမှ စက္ကူတစ်ခေါက်ကို ဆွဲထုတ်လိုက်သည်။ ထိုစက္ကူပေါ်၌ .....

*တစ်ဝက်တစ်ပျက်အမှန်တရားအပေါ် အခြေခံထားသော တစ်ဝက်တစ်ပျက်ဆုံးဖြတ်မှုများကို ရှောင်ရှားသည်။*

*အားကိုးလောက်တဲ့စနစ်တစ်ခု၏ ပို၍ကောင်းသော ဆုံးဖြတ်ချက်များ အမြဲတမ်းချမှတ်နိုင်ရန် စိတ်ချအားကိုးလောက်သည့်စနစ်၏ အပိုင်းနှစ်ပိုင်းလုံးအသုံးပြုသည်။*

*ခေါင်းအေးအေးနှင့် နှလုံးသားနွေးနွေးကို အသုံးပြုသည်။ လက်တွေ့ကျသော မေးခွန်းကိုမေးကာ ခေါင်းကို အသုံးပြုသည်။*

*ထို့ပြင် ကိုယ်ရေးကိုယ်တာမေးခွန်းကို မေးကာ နှလုံးသားနှင့် နှီးနှောသည်။*

*ထို့နောက် ကိုယ့်ကိုယ်ကိုယ်နှင့် အခြားသူများကို နားထောင်ပြီးသည့်အခါ ပိုကောင်းသော ဆုံးဖြတ်ချက်ကို ချမှတ်ပြီး ထိုဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်သည်။*

လမ်းပြက – "အဓိကကတော့ အားကိုးလောက်တဲ့စနစ်ကို သုံးဖို့ပဲ။ ဒီစနစ်ကအမြဲတမ်း ရလဒ်ကောင်းတွေထွက်စေတယ်။ တစ်ခါတစ်ခါမှာ အမှား

mgyoe.com

mgyoe.com

အယွင်းတွေလုပ်မိတောင်မှ ရလဒ်ကောင်းတွေ ပိုထွက်စေတယ်။ မှားတယ်ဆိုတာ လူ့ရဲ့အားနည်းချက်ကြောင့် မဟုတ်ဘူး။ သူသုံးနေတဲ့ တွေးတဲ့စနစ်ကြောင့်ဖြစ်တာ"

လူငယ်ကပြောလိုက်သည်။

"ဂျပန်ကို ကြွယ်ဝချမ်းသာတဲ့ နိုင်ငံတစ်ခုဖြစ်အောင် စနစ်တစ်ခု တီထွင်ပေးခဲ့တဲ့ ဒန်းမင်း Deming ပြော တာကို ကျွန်တော်သတိရတယ်။ သူက အမှားအယွင်း တွေ၊ အားနည်းချက်တွေ တော်တော်များများရဲ့ ၈၅% ဟာ စနစ်ကြောင့်မို့လို့ ပြောတယ်"

လမ်းပြက – "သူပြောတာကို ငါထောက်ခံပါတယ်" ဟု ဆိုလိုက်သည်။ နေလောင်ခံ လိမ်းဆေးကို ထုတ်လိုက်ကာ မျက်နှာနှင့် လက်များကိုလိမ်းပြီး၊ လူငယ်ကိုလည်း လိမ်းခိုင်းသည်။ ထို့နောက် ထင်း ရှူးပင်တစ်ပင်၏အောက်တွင် စကားပြောကြသည်။

"*ဟုတ်တယ်၊ မဟုတ်ဘူး* ဆိုတဲ့စနစ်ဟာ လူတွေကို သူတို့ ဘယ်ကိစ္စမှာ *ဟုတ်တယ်* လို့ ပြောပြီး၊ ဘယ်ကိစ္စမှာ *ဟင့်အင်း* လို့ပြောသလဲ ဆိုတာကို ကြည့်မိအောင် ကူညီပေးတယ်" ဟု ဆက်ပြောသည်။

"တကယ်တော့ *ကျွန်တော်တို့ဘဝ ဘယ်နေရာ ရောက်နေသလဲဆိုတာ ကျွန်တော်တို့လုပ်ခဲ့တဲ့ ရွေးချယ်မှုတွေရဲ့ရလဒ် ပဲဖြစ်တယ်* ဆိုတာ ကျွန်တော်သဘောပေါက်စပြုလာပြီ' ဟု ပြော လိုက်သည်။

ထို့နောက် သူကပြုံးပြီး "ကျွန်တော်တော့ ပိုကောင်းတဲ့ စနစ်တစ်ခု သုံးနိုင်မယ်လို့ ထင်ပါတယ်' လမ်းပြက ပြုံးလိုက်သည်။ 'ငါတို့အားလုံး လုပ်နိုင်ပါတယ်။ ခုလိုပြောင်းလဲနေတဲ့ ကနေ့ခေတ် ကြီးမှာ ပိုပြီးကောင်းတဲ့ ဆုံးဖြတ်ချက်တွေကို မြန်မြန်ဆန်ဆန် လုပ်ဖို့လိုတယ်။ ကြွယ်ဝချမ်းသာဖို့ဆိုတာ အသာထားလို့ ရှင်သန် ဖို့တောင်မှ လုပ်ဖို့လိုတယ်" ဟု ပြောလိုက်သည်။

"စနစ်ကောင်းလေ၊ အမှားအယွင်းတွေ ရှောင်ဖို့လွယ်လေ၊ ပိုကောင်းတဲ့ ရလဒ်တွေ ပိုထွက်လာလေပေါ့။

လမ်းပြကထပ်ပြောသည်။

"ဘာနဲ့တူလဲဆိုတော့ အောင်မြင်တဲ့ စားသောက်ဆိုင်တွေနဲ့တူတယ်။ အမြန်စား အစားအသောက်တွေ ရောင်းတဲ့စနစ်က လုပ်သားပေါင်းများစွာ လုပ်နေကြတယ်။ ဒါပေမယ့်လည်း အမြဲတမ်း အရသာရှိတဲ့ အစားအသောက်တွေကို ရနေတယ်။ စားသုံးတဲ့ဖောက်သည်တွေလည်း ယုံကြည်စိတ်ချရတယ်။ သူတို့ကလည်း ဒါဘယ်နေရာမှာစားစား ကောင်းကောင်းစားရမယ်လို့ သေချာပေါက် ယုံကြည်မျှော်လင့်နေကြတာမျိုးနဲ့တူတယ်"

mgyoe.com

mgyoe.com


"အဲဒီလိုပဲ ငါတို့ရဲ့ဝန်ထမ်းတွေကလည်း *ဟုတ်တယ်၊ မဟုတ်ဘူး* ဆိုတဲ့စနစ်ကိုသုံးတဲ့အခါမှာ အမှားအယွင်းနည်းလာတယ်။ သုံးတဲ့အခါမှာလည်းရလဒ်ကောင်းတွေရလာကြတယ်။ ဒါပေမယ့် အဓိကကတော့ သုံးဖို့ပဲ"

လူငယ်က မေးလိုက်သည်။

"ကျွန်ကော် ဘယ်လိုသုံးရမှာလဲ?"

"မင်း နည်းပေါင်းမျိုးစုံနဲ့ သုံးလို့ရတယ်။ ပထမဆုံး ဆုံးဖြတ်ချက်တစ်ခုချပြီးတဲ့အခါမှာ မင်းဟာ ကိုယ့်ရဲ့ဦးနှောက်ကိုသုံးပြီး၊ ကိုယ့်ရဲ့ နှလုံး သားနဲ့တိုင်ပင်ပြီးတော့ ဦးနှောက်ပဲ အရင်သုံးသုံး၊ နှလုံးသားပဲအရင်သုံးသုံး ပိုကောင်းတဲ့ဆုံးဖြတ် ချက်တစ်ခုဖြစ်အောင် လုပ်နိုင်တယ်။ ဦးနှောက် ရော၊ နှလုံးသားရောဆိုင်တဲ့မေးခွန်းတွေမှာ အကြံ ဉာဏ်သုံးနည်းပတယ်။ အဲဒီအကြံဉာဏ် တစ်ခု နှစ်ခုဟာမင်းအတွက် ပိုပြီးအသုံးဝင်စေတယ် ဆိုတာ တွေ့ရမယ်။ အခြေအနေတစ်ခု၊ ခုဘဝရဲ့အဆင့်တစ်ခုမှာ မင်းကြည့်ဖို့လိုတဲ့ နယ်ပယ်တချို့ ရှိမယ်။ ဒီဟာတွေဟာမင်းဘဝရဲ့ အခြေအနေ တစ်ခု ဒါမှမဟုတ် အဆင့်အတန်းတစ်ခုမှာ ကြည့်ဖို့လိုတာတွေပဲ ဖြစ်လာလိမ့်မယ်"

"အဲဒီစနစ်အကြောင်းကို မင်း သဘောပေါက်ပြီ ဆိုရင် ဘယ် အချိန်ဝင်ဝင်ဝင်လို့ရတဲ့ စိတ်အဝန်း အပိုင်းကြီး ဖြစ်လာလိမ့်မယ်။ အခြေခံကတော့ မင်းဟာမေးခွန်းတစ်ခုခုနဲ့စရမယ်။ မေးခွန်းတစ်ခုလုံးကို မေးပြီးတဲ့နောက် မင်းဟာပိုကောင်းတဲ့ ဆုံးဖြတ်ချက်ကို ရမယ်"

လူငယ်က – "အဲဒီလိုလုပ်ဖို့ အချိန်ဘယ်လောက်ကုန်သလဲ?" ဟု မေးလိုက်သည်။

"ဒါကတော့ အဲဒီဆုံးဖြတ်ချက်ဟာ မင်းအတွက်ဘယ်လောက် အရေးကြီးသလဲ? မင်းဘယ်လောက် ရှင်းရှင်းလင်းလင်း ရှိသလဲ? ဆိုတာ မူတည်တယ်။ မင်းက မေးခွန်းတစ်ခုအပေါ်မှာ အာရုံစိုက် နိုင်တယ်။ မေးခွန်းရဲ့ တစ်ပိုင်းပေါ်မှာ အာရုံစိုက်နိုင်တယ်။ အဲဒီအခါမှာ မိနစ်ပိုင်းအတွင်း မင်းကို ပိုကောင်းတဲ့ ဆုံးဖြတ်ချက်တွေ ဖြစ်အောင် ကူညီပေးနိုင်တယ်။ ဒါမှမဟုတ် မင်းဟာ အချိန်ပိုပေးပြီးတော့ မေး ခွန်းနှစ်ခုစလုံးရဲ့ အပိုင်းသုံးပိုင်း စလုံးကို မေးနိုင်တယ်။ ပိုကောင်းတဲ့ဆုံးဖြတ်ချက်ဖြစ်အောင်လည်း လုပ်နိုင်တယ်"

လူငယ်က –"တစ်ခုပဲ ကျွန်တော်စိုးရိမ် တာကတော့ ကျွန်တော်အချိန် မယူချင်တာပဲ" ဟု ဝန်ခံလိုက်သည်။

"လူတော်တော်များများက ဒီလို ပါပဲကွာ"ဟု လမ်းပြက ပြောလိုက်သည်။ "ဒါပေမယ့် နှလုံးသားနဲ့ ဦးနှောက်ကို မင်းမေးတာများလာရင် မြန်မြန်

mgyoe.com

mgyoe.com

ဆန်ဆန် လွယ်လွယ်ကူကူ ဖြစ် လာလိမ့်မယ်။ အလေ့အကျင့်ဖြစ်သွားပြီ ဆိုရင် အလွန့်ကို မြန်သွားလိမ့်မယ်"

"မေးခွန်းတွေက ဘာတွေလဲဗျ?"

လမ်းပြက ဖြေလိုက်သည်။ "တောင်ကုန်းကိုတက်တဲ့အခါ တခြားတောင်တက်သမားတွေကို မေးခွန်းတွေက ဘာတွေလဲဆို တာမေးကြည့်။ သူတို့ရဲ့အတွေ့အကြုံတွေကိုလည်း ရှင်းပြခိုင်း"

"ပြီးတော့ မင်းဆုံးဖြတ်ရမယ့် ဆုံးဖြတ်တစ်ခုယူ။ မင်းကိုယ်မင်း မေးခွန်းနှစ်ခု မေးကြည့်။"

"မေးခွန်းတွေက ဘာတွေလဲဗျ?"

လမ်းပြက ဖြေလိုက်သည်။ "တောင်ကုန်းကို တက်တဲ့အခါ တခြားတောင်တက်သမားတွေကို မေးခွန်းတွေက ဘာတွေလဲ ဆိုတာမေးကြည့်။ သူတို့ရဲ့အတွေ့အကြုံတွေကိုလည်း ရှင်းပြခိုင်း"

"ပြီးတော့ မင်း ဆုံးဖြတ်ရမယ့် ဆုံးဖြတ်ချက်တစ်ခုယူ။ မင်း ကိုယ်မင်း မေးခွန်းနှစ်ခု မေးကြည့်"

"နောက်ကျတော့ မင်းဟာ ပိုပြီးကောင်းတဲ့ ဆုံး ဖြတ်ချက်တစ်ခု ထွက်လာတာကိုတွေ့လိမ့်မယ်"

လမ်းပြက သတိပေးလိုက်သည်။

"အစပိုင်းမှာတော့ စိတ်ရှုပ်ပေါ့ကွာ၊ ဒီစနစ်ရဲ့ တစ်ပိုင်းက လွယ်လိုက်တာ အရေးမပါ ပါဘူးလို့ ထင်စရာပါပဲ"

"ဒါပေမယ့် အပြန်ပြန်အလှန်လှန် တွေးကြည့်တဲ့အခါ နှစ်ပိုင်းစလုံးကို မင်းသဘော ပေါက်လာမယ်။ မင်း ဘာရှာနေလဲဆိုတာကို တွေ့သွားမယ်။ ပိုကောင်းတဲ့ ဆုံးဖြတ်ချက်တွေ ချလာနိုင်မယ်။ အဲဒီဆုံးဖြတ်ချက်ဆိုတာက လည်း မင်းတစ်ယောက်တည်းနဲ့လည်း ဆိုင်ချင်ဆိုင်မယ်။ အိမ်က ဒါမှမဟုတ် အလုပ်ခွင် ထဲက မင်း ပါဝင်နေတဲ့ အုပ်စုတစ်ခုရဲ့ အဖွဲ့ဝင် တစ်ယောက်အနေနဲ့ ပိုကောင်းတဲ့ ဆုံးဖြတ် ချက်ကောင်းတွေကို ချမှတ်နိုင်မယ်"

လမ်းပြက ထပ်ပြောလိုက်သည်။ "စနစ်ရဲ့ နှစ်ပိုင်းစလုံးကို အသုံးချနော်။ တစ်ခုမပါရင် နောက်တစ်ခုကလည်း အဆင်မပြေဘူး"

ခဏအကြာ၌ ပြေလျှောသည့် ဆင်ခြေလျှောအတိုင်း တက်နေကြသည်။ လူငယ်က လမ်းပြသည် အိတ်ထောင်ထဲမှ စာရွက် တစ်ရွက်ကို ထုတ်ကာ ဖတ်နေသည်ကို တွေ့ရသည်။

"ခင်ဗျား ဘာကြည့်နေတာလဲဗျ?"

mgyoe.com

mgyoe.com


"ငါ့ရဲ့ *ဟုတ်တယ်၊ မဟုတ်ဘူး* မြေပုံလေကွာ၊ ငါတို့ တော်တော်များများက ကိုယ့်ရဲ့ဉာဏ်ပညာတွေကို *ဟုတ်တယ်၊ မဟုတ်ဘူး* စနစ်ထဲက မေးခွန်းတွေကို အကျဉ်းချုပ်ပြီးတော့ ရေးထား တတ်ကြတယ်။ ဒါကို ငါတို့က မြေပုံလို့ခေါ်တယ်။ ပိုကောင်းတဲ့ ဆုံးဖြတ်ချက်တစ်ခု ရဖို့အတွက် မကြာခဏ ထုတ်ဖတ်တယ်။ ဒီမြေပုံရဲ့ အလှကတော့ ငါ ဘယ်လို ကိုယ့်လမ်းကိုယ်ရှာရမလဲ ဆိုတာကို သတိပေးတာပဲ။ အဲဒါ ဒီမြေပုံရဲ့ အလှပဲ' ဟု ပြောလိုက် သည်။

လူငယ်က မေးလိုက်သည်။ "ကျွန်တော် ကြည့်လို့ရလား?"

'ကောင်းတာကတော့ကွာ မင်း တောင်ကုန်းပေါ်တက်ရင်းနဲ့ ကိုယ့်ဘာသာကိုယ် မြေပုံဆွဲတတ်သွားတာ အကောင်းဆုံးပဲ။ အဲဒီအခါ ကျရင် မင်းရဲ့မြေပုံကတော့ မင်းအတွက် ပိုပြီးတော့ အသုံးဝင်ပါလိမ့်မယ်"

ရုတ်တရက်ဆိုသလိုပင် အသံတစ်သံကြားပြီးနောက် လမ်းပြက ခုန်လိုက်သည်။ "မြွေဘေးကလျှောက် အဲဒီကောင်က အဆိပ်ပြင်းတယ်" ဟု ပြောလိုက်သည်။

လူငယ်က လမ်းပြသည် မြွေကို မည်မျှမြန်မြန်တွေ့သွားသည်ကို သဘောမပေါက်။ ယခု သွားနေသည့်နေရာ၌ ပို၍ အာရုံစိုက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

လမ်းပြက လူငယ်အား အခြားတောင်တက်သူများနှင့် ပေါင်းရန်ပြောလိုက်သည်။ ထို့နောက် လမ်းပြသည် သူ့ဘာသာသူ အတွေးထဲ၌ မြုပ်နေသည်။



mgyoe.com

mgyoe.com





**သောကြာနေ့ နေ့လည်အစောပိုင်း**

တောင်တက်သူများက တောင်ကို ဆက်တက်နေကြစဉ် လူငယ်သည် ချိကာဂိုမှ ဖရန်ကလင်နီးလ် ဆိုသည့် ပုဂ္ဂိုလ်နှင့် သွားပေါင်းမိသည်။

နီးလ်သည် အထင်ကရ ကုမ္ပဏီတစ်ခု၏ဥက္ကဋ္ဌဖြစ်သည်။ အခြားဘုတ်အဖွဲ့များ စွာတို့၏ အရေးပါသော ပုဂ္ဂိုလ်လည်း ဖြစ်သည်။ မြေပုံအကြောင်းကို သူက လွန်ခဲ့ သည့် (၁၁)နှစ်က နားလည်သဘောပေါက် ခြင်းဖြစ်ပြီး၊ ထိုအချိန်မှစ၍ အောင်မြင်စွာ အသုံးပြုနိုင်ခဲ့သူဖြစ်သည်။

သူက လက်ဆွဲနှုတ်ဆက်ပြီး "ငါ့ကို ဖရန့်လို့ခေါ်ကွာ" ဟု ပြောခဲ့သည်။ သူက လမ်းကြောင်းကို မော့ကြည့်လိုက်သည်။

လူငယ်က ဤပုဂ္ဂိုလ်သည် ရင်းနှီးလွယ်သော ပုဂ္ဂိုလ်ဖြစ်မည် မဟုတ်ဟု ခံစားမိသည်။

အဘိုးအိုက "ငါတို့ ဆုံးဖြတ်ချက်အကြောင်း ပြောတဲ့အခါမှာ၊ ငါတို့ နှစ်ယောက်စလုံးအတွက် အချိန်ဖြုန်းသလို ဖြစ်နေမလား? ဒါမှမဟုတ် မင်းက မင်း သဘောပေါက်တာကိုပဲ သုံးမလား?"

mgyoe.com

mgyoe.com


လူငယ်က ပြန်ဖြေလိုက်သည်။ "ကျွန်တော် ဘာပဲလေ့လာ၊ လေ့လာ၊ ကျွန်တော် ဘာပဲတတ်သွား၊ တတ်သွား တကယ်လုပ်ဖို့ လိုတဲ့ ဆုံးဖြတ်ချက် တစ်ခုကိုပဲ သုံးမှာပါ" ဟု ဖြေလိုက်သည်။

လူငယ်က – "လိုရင်းကို ပြောရရင်တော့ လမ်းပြက ကျွန်တော့်ကို ဆုံးဖြတ်ချက်ကောင်းတစ်ခု ဖြစ်ဖို့ မေးခွန်းနှစ်ခု မေးသင့် တယ်လို့ ပြောတယ်။ အဲဒီမေးခွန်းနှစ်ခုက ဘာလဲ?"

ဖရန့်က ပြောသည်။ "ပထမဆုံး မေးခွန်းမေးပြီးတော့ မင်းရဲ့ ခေါင်းကို သုံးပေါ့။ အဲဒီမေးခွန်းက ဘာလဲဆိုရင် – တကယ့်လိုအင်ကို ဖြည့်နေသလား? ရွေးချယ်စရာလမ်းကြောင်းတွေကို သိခဲ့သလား? သေသေချာချာ စဉ်းစားရဲ့လား?'

ဖရန့်က – "အခုမင်းဘာသာမင်း မေးကြည့်လေကွာ"

လူငယ်က အမြန်ပဲဖြေလိုက်သည်။ "မေးမလို့ပါပဲ"

ဖရန့်က ပြန်ပြောသည်။ "အခုလို *ဟုတ်တယ်၊ မဟုတ်ဘူး* ဆိုတာ မဖြေနိုင်ရင် မင်းအကူအညီရမှာမဟုတ်ဘူး"

လူငယ်က တုန်လှုပ်သွားသည်။ ထို့နောက် ပြုံးလိုက်ပြီး ဦးထုပ်အသစ်ကို လှည့်ကာ "ဟုတ်မှာပေါ့" ဟု ဖြေလိုက်သည်။

ဖရန့်က အားရပါးရ ရယ်မောလိုက်သည်။ လူငယ်သည် ဇဝေဇဝါ ဖြစ်နေပြီး၊ အနည်းငယ် တွန့်ဆုတ်နေသည်ကို သဘောပေါက် သည်။ သို့သော် လူငယ်၏ ဟာသဉာဏ်ကို သဘောကျသည်။

ဖရန့်ကပြောသည်။

"ဟုတ်ချင်ဟုတ်မှာပေါ့ဆိုတာ ဧရာမ ဆုံးဖြတ်ချက်မဲ့ပဲ"

"ပထမဆုံး မေးခွန်းမှာပါတဲ့ စိတ်ကူးသုံးခုကိုပဲကြည့်လေ၊ တကယ့် လိုအပ်ချက်ကိုဖြည့်၊ ကိုယ့်ကိုယ်ကိုယ် ရွေးချယ်စရာတွေ သိအောင်လုပ်၊ သေသေ ချာချာစဉ်းစား၊ ပထမတစ်ခုနဲ့ပဲစလေ။ မင်းဟာ တကယ့်လိုအင်ကို ဖြည့်စွမ်းနေ တာလား?"

လူငယ်က သက်သောင့်သက်သာ ဖြစ်သွားသည်။ သူ၏ ဆုံးဖြတ်ချက် အတွက် အမှန်တကယ်လိုအင်ကို သိရှိကာ *ဟုတ်တယ်* ဟု ဖြေနိုင်ရင်သော် လည်းကောင်း၊ မသိရှိဘဲ *မဟုတ်ဘူး* ဟု ဖြေနိုင်လျှင်လည်းကောင်း၊ ထိုမေးခွန်းက ရှင်းရှင်းလင်းလင်း တွေးတတ်ရန် အထောက်အကူဖြစ်နိုင်သည်။ ခဏစဉ်းစားပြီး နောက် သူက 'ရိုးရိုးသားသား မဟုတ်ဘူး" ဟု ဖြေလိုက်သည်။

ဖရန့်က – "ဟုတ်ပြီ၊ မင်းက မေးခွန်းတစ်ခုကို မဟုတ်ဘူးလို့ ဖြေပြီ ဆိုတော့၊ မေးခွန်းကိုပိုပြီးတော့ ဂရုစိုက်နိုင်ပြီ၊ အဲဒီအခါကျရင် မင်းဟာ

mgyoe.com

mgyoe.com

ပိုကောင်းတဲ့ဆုံးဖြတ်ချက် ဖြစ်လာနိုင်တယ်။ ဆုံးဖြတ်ချက်တစ်ခုကို ရသွားနိုင်တယ်"

လူငယ်က မေးလိုက်သည်။

"ဘာကို ကျွန်တော်က ပိုပြီးတော့ ဂရုစိုက်ရမှာလဲဗျ?"

"ပထမတစ်ပိုင်းမှာ မင်းက *NO* လို့ ဖြေလိုက်တယ်ဆိုရင်၊ မင်းအခု ဘယ်သွားနေလဲဆိုတာကို အာရုံစိုက်ဖို့ လိုလာပြီ"

"ငါတို့တော်တော်များများဟာ ငါတို့ လိုချင်တာတွေကို ယူကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ဘာလိုအပ်သလဲ? ငါတို့ လိုအင်ကဘာလဲ? ဆိုတာ မသိလို့ဖြစ်တယ်။ အဲဒီကျရင် ငါတို့ဟာ လမ်းမှားတွေ ရောက်သွားနိုင်တာပဲ"

လူငယ်က မျက်လုံးပြူးသွားသည်။ မနက်ပိုင်းက သူမည်သို့ လမ်းမှားခဲ့သည်ကို သတိရလိုက်သည်။ "တကယ့်လိုအင်ဟာ ဘာလဲလို့ ကျွန်တော် ဘယ်လိုလုပ်သိမှာလဲဗျ?" ဟု မေးလိုက်သည်။

ဖရန့်က ပြောသည် – "ဒါဟာ ငါ လိုချင်ရုံသက်သက်လား? ငါ တကယ်လိုအပ်တာလား? ဆိုတဲ့ဟာကို မေးကြည့်ပေါ့"

"ဘာကွာလို့လဲဗျ" ဟု လူငယ်က ပြန်မေးသည်။

ဖရန့်က ပြန်ပြောသည်။

"လိုချင်တယ်ဆိုတာက ဆန္ဒလေ၊ လိုအင် ဆိုတာက လိုအပ်ချက်လေ"

"လိုချင်တယ်ဆိုတာက စိတ်ဝင်စားစရာကောင်းတာ၊ မက်စရာကောင်းတာ တစ်ခုပါ။ အဲဒီနောက်ကို ငါတို့က လိုက်မယ်။ ဒါပေမယ့် နောက်ကျတော့ အဲဒါရတော့လည်း ဘာမှ ကျေနပ်စရာ မကောင်းဘူးဆိုတာ သဘောပေါက်သွားမယ်။ ငါတို့လိုချင်တဲ့ဟာကို နောက်ဆုံးပိတ်ရပေမယ့် ပိုပြီးတော့ လိုချင်နေဦးမှာပဲ။ ဒါပေမယ့် လိုအင်ဆိုတာတော့ အခြေခံကျတယ်။ ဖြည့်ဆည်းပေးတယ်။ လိုအင်ဆိုတာ အခြေအနေတစ်ခုမှာ လိုအပ်တာပေါ့"

"ဥပမာ – ငါတို့က ယိုကိုလိုချင်တယ်။ ယိုကိုစားချင်တယ်။ ဒါပေမယ့် ငါတို့ဟာ ပေါင်မုန့်ကိုလိုအပ်တယ်။ ယိုကိုစားရတာ အရသာရှိတယ်။ ဒါပေမယ့် အာဟာရမဖြစ်ဘူး။ ဒီလိုပေါ့"

လူငယ်က – "ဒါတော်တော်အခြေခံကျတဲ့ အတွေးအခေါ်ပဲ၊ အခုမှ စလုပ်တဲ့ လူတွေအတွက် တော်တော်ကို အသုံးဝင်တာပဲ"

ဖရန့်က ပြန်ပြောသည်။ "မင်းထက် ငါဟာ အခုမှစတဲ့လူလို့ ထင်နေသလား? လူတော်တော်များများရဲ့ ပြဿနာက အလုပ်ဖြစ်တဲ့ အခြေခံဥပဒေသတွေကို သူတို့ အသုံးပြုဖို့ မေ့ကုန်ကြတာပဲ"

mgyoe.com

mgyoe.com


ဖရန့်က ခဏနားလိုက်ပြီး၊ ဆက်ပြောလိုက်သည်။

"တကယ် အောင်မြင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ တကယ်လိုအပ်တဲ့ဟာကို အရင် ဆုံးရအောင်လုပ်ကြတယ်"

"ဘဝမှာ အိမ်လှတပတလေး တစ်လုံးကို လိုချင်ကြတယ်။ ဒါပေမယ့် ချစ်စရာကောင်းတဲ့အိမ်လိုအပ်တယ်။ ငါတို့လိုချင်တာတွေ လျှောက်လုပ်တဲ့အခါ၊ ငါတို့လိုအပ်တာတွေနဲ့လွဲကုန်တယ်"

"မင်း ထိထိရောက်ရောက် ဖြစ်ချင်တယ်ဆိုရင် အရေးကြီးတဲ့ ဟာကို အရင်လုပ်။ ချစ်စရာကောင်းတဲ့ နေအိမ်တစ်လုံး ရအောင်လုပ်။ ပြီးတော့မှ အိမ်ကို ရအောင်လုပ်"

"မင်းလုပ်ဖို့လိုအပ်တဲ့ဟာကို လုပ်ပြီးပြီဆိုရင်၊ အဲဒီအခါကျမှ မင်း လိုချင်တဲ့ဟာကို လုပ်ပေတော့။ လိုချင်တဲ့ဟာကို အဲဒီအခါ အချိန်ကျမှ လုပ်ချိန် ရပါတယ်"

လူငယ်က သူ၏စီးပွားရေး၊ သူ၏ကိုယ်ရေးကိုယ်တာ ကိစ္စများနှင့် ပတ်သက်၍ လိုအပ်ချက်များ၊ လိုအင်များ၊ ဆန္ဒများခြားနားသည်ကို တွေးမိသည်။ ထို့နောက် အနာဂတ်တွင် မည်သို့လုပ်ရမည်ကို စဉ်းစားခန်းဝင်နေသည်။

(၁၉၈၀) ပြည့်လွန်နှစ်များက အချို့အမေရိကန်များ၏ ရေတို တွေးခေါ် ပုံကို ပြန်သတိရသည်။ ထိုအချိန်က ဂျပန်တို့သည် အမေ ရိကန် ကုမ္ပဏီကြီးများ၊ အိမ်ယာမြေများ အတော်များများကို ရယူထားကြသည်။ အမေရိကန်တို့က သူတို့ လိုချင်သည့် မြန်မြန်ဆန် ဆန် ကြီးကြီးမားမားအမြတ်များကို ရကြသည်။

သို့သော် ဂျပန်စီးပွားရေး လုပ်ငန်းများက သူတို့လိုအပ်ချက်ကိုရကြ သည်။ ရေရှည် ရင်းနှီးမြှုပ်နှံမှုများ၊ ဥစ္စာခနေများကို ရရှိသွားကြသည်။

လူငယ်က သူသည် *လိုချင်တာတွေကို လိုက်နေတာလား? လိုအပ်တာ တွေကိုလိုက်နေသလား?* ပြန်လည်စဉ်းစားမိသည်။

ဖရန့်က – "အဓိကကတော့ တကယ့် လိုအင်ကို အာရုံစိုက်ဖို့ပဲ၊ အာရုံစိုက် တယ်ဆိုတာ ကိုယ်တကယ်လိုအပ်တဲ့ရလဒ်တွေကို မြင်အောင်ကြည့်တာ။ အဲဒီ ရလဒ်တွေကို ရှင်းရှင်းလင်းလင်းမြင်အောင် ကြည့်တာ။ အသေးစိတ်မြင်အောင် ကြည့်တာ။ အဲဒီ ရလဒ်တွေကို ရထားတယ်လို့ကိုယ့်ကိုကိုယ် မြင်အောင်ကြည့် တာဖြစ်တယ်"

လူငယ်က မော့ကြည့်လိုက်သည့်အခါ ကောင်းကင်ပြာကိုမြင်ပြီး၊ လကို လည်းမြင်လိုက်သည်။ "၁၉၆၀ ပြည့်လွန်နှစ်တွေတုန်းက အမေရိကန်သမ္မတ ပြောတဲ့မိန့်ခွန်းတစ်ခုကို ကျွန်တော် နားထောင်ကြည့်ဖူးတယ်။ ဒီဆယ်စုနှစ် အကုန်

mgyoe.com

mgyoe.com


မှာ လပေါ်ကို လူတင်ပြီး၊ လုံလုံ ခြုံခြုံ အန္တရာယ်ကင်း ပြန်ရောက်စေရမယ်လို့ ပြောခဲ့တယ်"

ဖရန့်က – "မင်းက ဘာဖြစ်လို့ အဲဒါကို စဉ်းစားရတာလဲ?"

'အဲဒါဟာ တကယ့်လိုအင်ကို အာရုံစိုက်ဖို့အတွက် နမူနာကောင်း တစ်ခုလို့ ထင်လို့ပါ။ သမ္မတက လုံခြုံ၊ စိတ်ချ အန္တရာယ်ကင်းအောင် ဘာတကယ်လိုအပ်သလဲဆိုတာကို ကြိုမြင်တယ်။'

ဖရန့်ကခေါင်းငြိမ့်လိုက်သည်။

"သူဟာ လပေါ်ကို မကြာခင်မှာ လူ တစ်ယောက်ကိုလွှတ်ချင်တယ်။ ဒါပေမယ့် တကယ့် လိုအင်က လပေါ်ကိုလွှတ်ပြီး၊ ကမ္ဘာမြေကို အန္တရာယ်ကင်းကင်း ပြန်လာဖို့က တကယ့်လိုအင်ပဲ"

"ဟုတ်တယ်၊ တစ်နည်းအားဖြင့် ပြောရရင်တော့၊ အဲဒီအတိုင်း မဟုတ်ဘူးဆိုရင်တော့၊ အာကာသ အစီအစဉ်ကြီးတစ်ခုလုံး ပျက်စီးသွားမှာပဲ" လူငယ်ကပြောသည်။

"ဒီဆယ်နှစ်အကုန်မှာ ဖြစ်ရမယ်လို့ ပြောတာကလည်း အချိန်ကာလကိုသတ်မှတ်ပေးလိုက် တာပေ့ါ"

ဖရန့်ကပြန်မေးသည်။ "မင်းဘာဖြစ်မလဲ ဆိုတာသိလား?"

"သိတယ်။ အမေရိကန်က(၁၉၆၉)ခုနှစ်မှာ လပေါ်ကို လူတစ်ယောက်လွှတ်နိုင်တယ်။ ဒီဆယ်စုနှစ်ရဲ့အကုန်ပေ့ါ။ ပြီးတော့ အန္တရာယ်ကင်းကင်းနဲ့ ပြန်လာနိုင်တယ်။ သမုဒ္ဒရာထဲကို အပိုလို အာကာသယာဉ်ကျလာတာကို မျက်စိထဲတောင်မှ မြင်နေတယ်"

ဖရန့်ကပြန်မေးသည်။

"မင်းအဲဒါတွေကို ပြန်တွက်ကြည့်တော့၊ တကယ့်လိုအင်ကို အာရုံစိုက်တာနဲ့ ပတ်သက်လို့ ဘာသဘောပေါက်သွားသလဲ?"

လူငယ်က ပြောလိုက်သည်။ "တကယ့်လိုအင်ကို အာရုံစိုက်တဲ့အခါ တစ်ခြားအရာတွေ အကုန်လုံးကို *ဟင့်အင်း* လို့ ငြင်းပြီး ရလဒ်ကောင်းတွေကို ရလာတယ်"

"ကောင်းတာပေ့ါကွာ"ဟု ဖရန့်ကပြောလိုက်သည်။

"မင်း အာရုံစိုက်ရမယ့်ဟာကို မင်းလိုချင်တဲ့ရလဒ်တွေကို အသေးစိတ်ရေးတယ်၊ ချရေးတယ်မကြာခဏကြည့်တယ်ဆိုရင် အထောက် အကူဖြစ်မယ်ထင်သလား?"

mgyoe.com

mgyoe.com


"ထင်ပါတယ်" ဟု လူငယ်ကဖြေသည်။ လူငယ်က ခဏနားကာ သူလိုအပ်သည့် ရလဒ်များကို ချရေးသည်။

ထို့နောက် သူ၏ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ပို၍စဉ်းစားကာ "တကယ်တော့ အာရုံ စိုက်တယ်ဆိုတာ၊ လိုအပ်တဲ့ရလဒ်တွေကို ရှင်းရှင်း လင်းလင်း မြင်အောင်လုပ်တာ၊ ဘယ်အရာ ကမှ အာရုံကို မလွဲသွားနိုင်အောင် လုပ်တာပေါ့" ဟုဖြေလိုက်သည်။

ဖရန့်က သဘောတူသည်။

"တကယ့်လိုအပ်ချက်ကို ရဖို့အတွက် အထောက်အကူမဖြစ်တာတွေကို ***ဟင့်အင်း*** လို့ ငြင်းပြီး၊ အထောက်အကူဖြစ်တာကိုပဲ ***ဟုတ်ကဲ့*** လို့ ပြောတဲ့နည်းနဲ့ အာရုံစိုက် တာပေါ့။"

"ကျွန်တော်ဘယ်လိုပြတ်သားတဲ့ ဆုံးဖြတ်ချက်ကိုရမလဲ?"

ဖရန့်က ပြောလိုက်သည်။

"ပြတ်သားတဲ့သူတွေဟာ တကယ့် လိုအင်ဘာလဲ ဆိုတာ သိတယ်။ အဲဒီတော့ ဆုံးဖြတ်ချက်တစ်ခုဟာ သူတို့လိုချင်တဲ့ဟာကို အထောက်အကူ ဖြစ်မလား? အနှောင့်အယှက် ဖြစ်စေနိုင်မလား? ဆိုတာ မြန်မြန်ဆန်ဆန်ဆုံးဖြတ်နိုင်ကြတယ်။"

"မင်းရဲ့ အာကာသ ဥပမာကိုပဲကြည့်လေ။ အင်ဂျင်နီယာ တစ်ယောက်က သူ့ရဲ့ မန်နေဂျာကို ပြောတယ်။ လပေါ် လူတင်ဖို့ (၁၅) နှစ်ကြာမယ် ဆိုပါတော့။ ဆုံးဖြတ်ချက်ပြတ်သားတယ်၊ ဘာလိုမလဲဆိုတာတာသိတဲ့ မန်နေဂျာဆိုရင် ဘာပြောမယ်ထင်လဲ? ***YES*** လို့ပြောမလား? ***NO*** လို့ပြောမလား?"

လူငယ်က ချက်ခြင်းပင် အဖြေကို သဘောပေါက်သွားသည်။

"တကယ်လို့ မင်းရဲ့ တကယ့်လိုအင်က လပေါ်ကိုလူပို့ဖို့ ဆယ်စုနှစ် အကုန်မှာ အန္တရာယ်ကင်းကင်းပြန်လာဖို့ဆိုရင် ဆယ်နှစ်ကျော်တဲ့ အရာမှန်သမျှ အလွန်ကြာနေပြီ။ တကယ့်လိုအင်ကိုသဘော ပေါက်တဲ့ မန်နေဂျာဆိုရင် ***NO*** လို့ပြောမှာပေါ့။ အဲဒီစိတ်ကူးက သိပ်ကောင်းတာပဲ။ ဒါပေမယ့် ***NO*** လို့ ပြောလိုက်တော့ မလုပ်ဘူး ဆိုတဲ့အဓိပ္ပါယ်ပေါ့"

"မှန်ပါတယ်။ တကယ့်လိုအင်ကို အာရုံစိုက်တဲ့အခါမှာ ပြတ်သားဖို့ ဘယ်လောက်လွယ်လဲဆိုတာ မင်း အခုမြင်ပြီမဟုတ်လား"

လူငယ်က – "ကျွန်တော်မြင်စပြုလာပါပြီ"

ဖရန့်က – "ဒီမှာ နောက်ထပ်ဥပမာတစ်ခုရှိသေးတယ်"

"တကယ်လို့ အင်ဂျင်နီယာဟာ သူ့ရဲ့မန်နေဂျာဆီကို စိတ်ကူးတစ်ခုနဲ့

mgyoe.com

mgyoe.com


သွားတယ်။ လူတစ်ယောက်ကို လပေါ်ကို သုံးနှစ်အတွင်း အရောက်ပို့မယ်။ အာကာသယာဉ်မှူးအနေနဲ့ အန္တရာယ်များမယ်ဆိုရင် ဘယ်လိုလဲ?"

လူငယ်က ဖြေလိုက်သည်။ "ဂရုစိုက်တဲ့ မန်နေဂျာဆိုရင်ကတော့ အန္တရာယ်တွေကိုကြည့်ပြီးတော့ *NO* လို့ ငြင်းမှာပေါ့"

ဖရန့်က ပြောသည်။ "မင်းဆုံးဖြတ်ချက်ပြတ်သားလား? မပြတ်သားလား? ဟာ တကယ့်လိုအင်ကို မင်း ရှင်းရှင်းလင်းလင်းမြင်လား? မမြင်လား? ဆိုတဲ့ပေါ်မှာ မူတည်နေတယ်ဆိုတာ သဘောပေါက်တယ် မဟုတ်လား?"

"ဒါဟာသိပ်ပြီး အထောက်အကူဖြစ်ပါတယ်" ဟု လူငယ်က ပြောလိုက်သည်။

"အစကတည်းက အာကာသအစီအစဉ်ဟာ ဒီအချက်ကို ကောင်းကောင်း သဘောပေါက်တယ်" ဟု ဖရန့်က ဆက်ပြောသည်။

"ဘယ်သူမှ အာကာသထဲကိုမရောက်ဖူးဘူး။ ဒါကြောင့်မို့ အာကာသနဲ့ ပတ်သက်လို့ လိုအပ်တဲ့အချက်အလက်တွေရဖို့ အရေးကြီးတယ်။ ကိုယ့်ရဲ့ စိတ်ကူးစိတ်သန်းကို ကိုယ်တကယ် လိုအပ်တဲ့ ဆုံးဖြတ်ချက်ပေါ်မှာ အာရုံစိုက် အသုံးချဖို့လိုတယ်။ ဒီအခါမှာ အမြင်ရှင်းရှင်းလင်းလင်းဖြစ်လာပြီးတော့၊ အဲဒီ အမြင် အတိုင်းဖြစ်အောင် ကြိုးစားကြတယ်။"

လူငယ်က – "အာကာသယာဉ်မှူးတွေက ဘယ်လိုကြုံရမယ်။ အာကာသယာဉ် ပြန်ကျလာတဲ့ အခါမှာ ဘယ်လိုဖြစ်သွားမယ် ဆိုတာ တကယ်မဖြစ်ခင်ကတည်းက သူတို့က ကြိုပြီးတော့ သိပြီးသားဖြစ်တတ်ကြောင်း၊ ပြတဲ့ ရုပ်ရှင်တွေကြည့်ဖူးတယ်"

"ဟုတ်တာပေါ့၊ ကိုယ်လိုချင်တဲ့ရလဒ်တွေ ဘယ်လိုဖြစ်မလဲ ဆိုတာ ရှင်းရှင်းလင်း လင်းမြင်ပြီဆိုရင် ဘာဖြစ်မလဲ ဆိုတာကို အေးအေး ဆေးဆေး ရင်ဆိုင်နိုင်တယ်"

ထိုအချိန်၌ လူနှစ်ယောက်သည် ရေ ပုလင်းများကိုထုတ် သောက်လိုက်ကြသည်။ လူငယ်က သူ၏စာအုပ်ကိုထုတ်ကာ မမေ့စေရန် ချရေးလိုက်သည်။

*တကယ့်လိုအင်နောက်ကို လိုက်သည့်အခါ ဆုံးဖြတ်ချက်ပိုပြတ်သားလာသည်။ ပိုကောင်းတဲ့ ဆုံးဖြတ်ချက်များကို မကြာမီ ချမှတ်နိုင်သည်။*

"ငါတို့လိုချင်တာတွေက အများကြီး၊ ဒါပေမယ့် ငါတို့လိုအပ်တာတွေက နည်းနည်းလေး။ ငါတို့လိုအပ်တာကို အာရုံစိုက် လိုက်တဲ့အခါ တကယ်ကို အောင်မြင်တယ်လို့ ခံစားရတယ်။ ပိုပြီးတော့ လွယ်ကူတဲ့ဆုံးဖြတ် ချက်လည်း

mgyoe.com

mgyoe.com


ဖြစ်လာတယ်"

"ဥပမာအနေနဲ့ပြောရရင် ငါဟာ မုဆိုးဖို၊ ငါ့ဘာသာငါ ဈေးဝယ်တယ်။ တောင်တက်က ပြန်လာတော့ ဈေးဝယ်တဲ့အခါမှာ ငါ သဘော ပေါက်လာတဲ့ ဟာကို စမ်းသပ်ကြည့်တယ်။ ဒီဟာလိုချင်တာလား? ဒါလိုအပ်တာလား? မေးကြည့်တယ်" အဲဒီမေးခွန်းဟာ ငါ့အတွက် တကယ်အကျိုးရှိတာကို တွေ့ရ တယ်။ အဲဒီအခါအိမ်ပြန်တဲ့အခါမှာ ငါကြိုက်တဲ့ အရသာရှိတဲ့ ကျန်းမာရေးကို အထောက်အကူပြုတဲ့ စားစရာတွေနဲ့ ပြန်လာတယ်။ ပိုကောင်း တာတွေစားရတယ်။ နေသာထိုင်သာလည်း ပိုရှိလာတယ်"

လူငယ်က – "လိုအပ်တာနဲ့ လိုချင်တာရဲ့ ခြားနားချက်ဟာ ဘာလဲလို့ ကျွန်တော် ဘယ်လိုလုပ်ပြောရမလဲ?"

ဖရန့်က – "လက်တွေ့လုပ်လို့ရတဲ့နည်းရှိတယ်လေ။ မင်းလိုချင်ရုံသက်သက် ဆိုတာကို မြင်ဖို့က ကိုယ့်ကိုယ်ကိုယ် မေးကြည့်။ ဘာလုပ်နိုင်ခဲ့ချင်တာလဲ? လို့ မေးကြည့်။ မင်းတကယ်လိုအပ်တဲ့ဟာကို သိဖို့က နောက်ပြန်လှည့်ကြည့် တဲ့အခါ ငါဘာပြီးချင်ခဲ့တာလဲ? လို့ မေးကြည့်။ ဥပမာ စူပါမားကတ်ထဲရောက်တဲ့အခါ၊ ငါက — ငါဘာကို စားလိုက်ချင်တာလဲ ဆိုတဲ့ မေးခွန်းကိုမေးတယ်"

လူငယ်က –"အဲဒါဟာ အထောက်အကူဖြစ်ပါတယ်ဗျာ၊ ကျွန်တော် လိုချင်တာနဲ့ လိုအပ်တာရဲ့ ခြားနားချက်ကို ရှာတဲ့ အကျင့် ရှိပါတယ်။ နောက်ဆုံးမှာ ကျွန်တော်လိုချင်တာကို ရပြီး တော့ အဲဒါက ကျွန်တော်မျှော်လင့်သလို အဆင်မပြေ ဘူးဆိုတာ သိလာရတယ်"

"စီးပွားရေးလောကထဲကလူ တော်တော်များများဟာ ဒီလိုပါပဲကွာ"ဟု ဖရန့်ကပြောသည်။ "သူတို့ဟာ လိုအပ်တာထက်၊ လိုချင်တာတွေကို လုပ်နေကြ တယ်။ ဒီလိုနည်းအားဖြင့် သူတို့အဖွဲ့ အစည်းလည်း ဒုက္ခရောက်၊ သူတို့လည်း ဒုက္ခရောက်ကြတယ်" တကယ့်လိုအင်နောက်ကိုလိုက်တဲ့လူ များလာတဲ့အခါမှာ ငါတို့ ဟာ ပိုပြီးတော့ ကြွယ်ဝချမ်းသာလာနိုင်တယ်။'

"ငါတို့ဟာ အဖွဲ့အစည်းတစ်ခုတည်းက လူတွေပဲဖြစ်ဖြစ်၊ ကိုယ့်ဘာသာ ကိုယ်လုပ်နေတဲ့ တစ်သီးပုဂ္ဂလတွေပဲဖြစ်ဖြစ်၊ ကိုယ့် ကိုကိုယ် တကယ့်လိုအင်ကို ဖြည့်စွမ်းချင်သလား? ဆိုတဲ့ မေးခွန်း ကို မေးတဲ့နည်းအားဖြင့် ကိုယ့်ကိုကိုယ် အကျိုးပြုနိုင်တယ်"

လူငယ်က ပြောလိုက်သည်။

"ကျွန်တော် အခု သဘောပေါက်စ ပြုလာပါပြီဗျ"

ထို့နောက် သူက ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုတွင် ဒါရိုက်တာ တစ်

mgyoe.com

mgyae.com

ယောက်အဖြစ် မအောင်မြင်ခဲ့သည့် မိတ်ဆွေတစ်ယောက်၏ အကြောင်းကို ပြောပြသည်။ ထိုမိတ်ဆွေက တက္ကသိုလ်မှ ပါမောက္ခများအား စာအုပ်များရေးရန် စာချုပ်ချုပ်ဆိုခဲ့သည်။ ထို စာအုပ်များအတွက် ဈေးကွက်အနည်းငယ်မျှသာရှိသည်။ အုပ်ရေ အနည်းငယ်မျှသာ ရောင်းရမည်။

သူက သူလိုချင်သည့် ဂုဏ်သိက္ခာနောက်ကို လိုက်သဖြင့် ဆုံးရှုံးရသည်။ အမှန်တကယ် သူလိုအပ်သည်မှာ စာအုပ်အမျိုးမျိုး အတွက် ပေးချေနိုင်သည့် အမြတ်ပင်ဖြစ်သည်။

ဖရန့်က ပြန်မေးသည်။ "ဘယ် ပါမောက္ခက ဘယ်စာအုပ်ကို ရေးတယ် ဆိုတာ၊ မင်းမိတ်ဆွေ ဆုံးဖြတ်တဲ့အခါမှာ ဆုံးဖြတ်ချက်တွေ ဘယ်လောက် များများလုပ်တယ်ဆိုတာ စဉ်းစားနိုင်သလား? အဲဒီဆုံးဖြတ်ချက်တွေအားလုံးက တကယ်လိုအပ်သလား?"

"လူငယ်က တကယ်မလိုအပ်ဟု မြင်သည်။ အဘယ့်ကြောင့် ဆိုသော် တကယ့်လိုအပ်ချက်ကို ရယူခြင်းမရှိ၊ တကယ့်လိုအပ် ချက်ဖြစ်သည့် စီးပွားရေး လောကထဲ၌ ဆက်လက်ရပ်တည်နေနိုင်ခြင်း၊ အကြွေးများ ပေးချေခြင်း၊ အယ်ဒီတာခအပါအဝင် အကြွေးများချေခြင်း၊ ဂုဏ်သိက္ခာလည်းရှိ၊ အကျိုး အမြတ်လည်းရသော စာအုပ်များကို ထုတ်ဝေ ခြင်းဟူသော တကယ့်လိုအပ် ချက်များကို ဖြည့် ဆည်းနိုင်ခြင်း–မရှိ။

ထို့နောက် လူငယ်က လုပ်ငန်းခွင်၌ သူ၏ ဆုံးဖြတ်ချက် တော်တော် များများသည် မလိုအပ် ကြောင်း သဘောပေါက်လာခဲ့သည်။ သူက သူ့ အဖွဲ့ အစည်း၏ တကယ့်လိုအပ်ချက်အပေါ် အာရုံစိုက်ရန် သန္နိဋ္ဌာန်ချလိုက်သည်။ ဤနည်း အားဖြင့် ကုမ္ပဏီကိုလည်းကောင်း၊ သူ့ကိုယ် သူကိုလည်းကောင်း အလေ အလွင့် အနည်းငယ် နှင့် ပိုမို ကြွယ်ဝချမ်းသာရန် အကူအညီပေးနိုင် သည်။ ပို၍ ထိထိရောက်ရောက် အလုပ်လုပ် ခြင်းအားဖြင့် အိမ်ကို စောစောပြန်နိုင်သည်။

လူငယ်က အမှန်တကယ်မလိုအပ်သော ဆုံးဖြတ်ချက် တော်တော် များများကို ပယ်ဖျက်ပြီးဖြစ်သည်။ ယခု အခါ ပို၍ အရေးကြီးသည့် ဆုံးဖြတ် ချက်များအတွက် အမှန် တကယ်လိုအပ်ချက်များ ပေါ်အတွက် အာရုံစိုက်နိုင်မည်။

သူအမှန်တကယ်ဆုံးဖြတ်ရန်လိုအပ်သည့် ဆုံးဖြတ်ချက်များကို စဉ်းစား မိသည်။

ဖရန့်က – "မင်းလမ်းက ဖြတ်ပြေးတဲ့ ယုန်တစ်ကောင်ကို လိုက် ဆွဲဖို့ စိတ်မကူးနဲ့။ ဒါမျိုးက မင်းလုပ်ချင်တဲ့ဟာမျိုးပေါ့။ ဘာလိုအပ်လဲ ဆိုတာကိုပဲ ကြည့်။ လိုအပ်ချက်ကိုရအောင်လုပ်။ ရတဲ့အထိ ရအောင်လုပ်။"

mgyae.com

mgyoe.com


ဖရန့်က – ***"အစကောင်းမှ အနှောင်းသေချာသလို အစ ကတည်းက တကယ့်လိုအင်ကိုဂရုစိုက်ရင် အဆုံးမှာ ပိုကောင်းတဲ့နေရာကိုရောက်တယ်'***

ထို့နောက် လူငယ်က တောင်ခြေရင်း၌ မေးမြန်းသည့် မေးခွန်းများကို ပြန်သတိရသည်။ နေ့လည်စာစားပြီးနောက် သူတို့က *စိန်ခေါ်မှုရှိတဲ့လမ်းက တက်ချင်တာလား? စဉ်းစဉ်းစားစားတက်ရတဲ့လမ်းက စဉ်းစားပြီးမှ တက်ချင်တာလား?*ဟူသည့် မေးခွန်းကို ပြန်သတိရသည်။

သူတို့က ချိန်ဆပြီးတက်ရသည့် လမ်းကြောင်းကို ရွေးချယ်ကာ ပြေလျှော သော အရှေ့ဘက်ခြမ်းမှ တက်ခဲ့သည်။ ထိုရိုးပိတ်ရက်တွင် သူတို့၏ဆုံးဖြတ်ချက် များနှင့် ပတ်သက်၍ စဉ်းစားရန် တိတ်ဆိတ်ငြိမ်သက်မှုရှိရန်လိုအပ်သည်ကို သိကြ သည်။

ဖရန့်က – "တကယ့်လိုအင်ကို ဖြည့်ဆည်းနေတာလား? " ဆိုတဲ့ မေးခွန်းကိုမေးပြီးတော့ ပိုကောင်းတဲ့ဆုံးဖြတ်ချက် ဖြစ်လာနိုင်တယ်"

ထို့နောက် စကားစပြတ်သွားကြသည်။ ကိုယ့်အတွေးနှင့် ကိုယ်တွေးနေ ကြသည်။ လက်တွေ့ဆန်သည့် မေးခွန်း၏ ပထမတစ်ခြမ်းကို ဆွေးနွေးခြင်းအားဖြင့် ဖရန့်အနေဖြင့်လည်း တွေးစရာများ ပိုရလာသည်။ သူက အဝေးရှိတောင်တန်းများ ကို လှမ်းကြည့်လိုက်ကာ သူအမှန်တကယ် လုပ်ရန်လိုသည်များကို တွေးတောမိ သည်။ ကိုယ့်ဘာသာကိုယ် တိတ်တိတ် ဆိတ်ဆိတ်တက်ရသည့် လမ်းကြောင်းကို မတက်ရန် လူတွေသဘောတူညီခဲ့ကြသည်။

လူငယ်က သူသဘောပေါက်လာသည်ကို မည်သို့အသုံးချနိုင်မည် ဖြစ်ကြောင်း တွေးနေသည်။

သူ၏ဆုံးဖြတ်ချက်အတွက် အမှန်တကယ်ဆုံးဖြတ်ရန် လိုသည်မှာ ဘယ်အရာနည်း? တစ်ခုကို ကောင်းကောင်းလုပ်နိုင်သည်။ ထိုလုပ်ရန်လိုအပ်သည့် တစ်ခုသည် ဘာဖြစ်မည်နည်း?

သူဆုံးဖြတ်ရန်လိုသည့် ဆုံးဖြတ်ချက်ကိုစဉ်းစားကာ လက်တွေ့ကျသည့် မေးခွန်းကို ထပ်မေးလိုက်သည်။

"ငါတကယ်လိုအင် ကို ဖြည့်ဆည်းတာဟုတ်ရဲ့လား? ရွေးချယ်စရာ လမ်းကြောင်းတွေကို သိအောင်လုပ်ထားသလား? သေသေချာချာ စဉ်းစားရဲ့လား?'

ပထမမေးခွန်း၌ နောက်ထပ်နှစ်ပိုင်းကျန်နေသေးသည်။

ထိုအကြောင်းများကိုလည်း သူတွေးကြည့်သည်။ တခြား တောင်တက် သူများကလည်း သူနှင့်အလားတူမေးခွန်းများကို မေး နေကြသည်ကိုသိသည်။

ထို့နောက် လူနှစ်ယောက်သည် သစ်ပင်တစ်ပင်၏ အရိပ် အောက်တွင်

mgyoe.com